# ဆီးချိုရောဂါအတွက် ပြည်ပန်းညို အခေါက်ကို သုတေသနပြုလုပ်ခြင်း

နီနီအေး[၁]၊နွဲ့နွဲ့အောင်[၂]
[၂]ရုက္ခဗေဒဌာန၊ ထားဝယ်တက္ကသိုလ်

မြန်မာ့ဆေးဖက်ဝင်အပင်များအနက် ပြည်ပန်းညို (*Cassia surrattensis* Brum)၏ အရွက်နှင့်အခေါက်သည် ဆီးချိုရောဂါအတွက် ဆေးဖက်ဝင်ကြောင်း သိရှိရသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်နည်းပညာတက္ကသိုလ် အနီးတစ်ဝိုက်မှစုဆောင်းခဲ့ပြီး သုတေသန ပြုလုပ်ခဲ့ပါသည်။ ပထမဦးစွာ ပြည်ပန်းညို၏ အရွက်နှင့်အခေါက် extract အမျိုးမျိုးကို အဏုဇီဝရောဂါပိုးများဖြင့် စမ်းသပ်မှုများပြုလုပ်ခဲ့ရာ အခေါက်သည် အရွက်ထက် ပိုပြီး ခံနိုင်ရည်စွမ်း ရှိကြောင်းကို သိရှိရပါသည်။ ဤရလဒ်ကို အခြေခံ၍ ပြည်ပန်းညိုအပင်၏ အခေါက်သည် ပိုမို ဆေးဖက်ဝင်နိုင်သည်ကို သိရှိရသဖြင့် ပြည်ပန်းညိုအခေါက်၏ ethanolic extract နှင့် aqueous extract ဖြင့် ဓာတ်ခွဲခန်းသုံး ကြွက်များအပေါ်တွင် အဆိပ်အာနိသင်ရှိ/မရှိစမ်းသပ်ခဲ့ရာ အဆိပ် အာနိသင် မရှိကြောင်း တွေ့ရှိရပါသည်။ တစ်ဖန် ဆီးချိုရောဂါဆိုင်ရာ လက်တွေ့စမ်းသပ်မှုများ ပြုလုပ် ခဲ့ရာမှ ပြည်ပန်းညိုအခေါက်သည် ဆီးချိုရောဂါအတွက်အကျိုး အာနိသင်ရှိကြောင်းကို တွေ့ရှိရပါသည်။